Third Story Project
in cooperation with
myanmar Story Tellers
facebook.com/thirdstorychildrenbooks



# လှစေတဲ့အရာ

ပြုံးလဲ့လဲ့မွန်

ကာတွန်းသရုပ်ဖော် – သီဟ (စခန်းသစ်)



# လှစေတဲ့အရာ

ပြုံးလဲ့လဲ့မွန်

ကာတွန်းသရုပ်ဖော် - သီဟ (စခန်းသစ်)



တတိယအမြင် ပုံပြင်များ စာစဉ်

Third Story Project

မြန်မာပုံပြောသူများအဖွဲ့နှင့် စေတနာရှင်လူငယ်များ (ရန်ကုန်) တို့မှ ပူးပေါင်းထုတ်ဝေသည်။

ထုတ်ဝေသူ - ဒေါ်အိပွင့်ရှိဇ် (၀၁၇၉၃)
သဒ်စတိုရီပရောဂျက်စာပေတိုက်
အမှတ် (၁၇၃)၊ ပထမထပ်၊ ၃၈ လမ်း (လယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ပုံနှိပ် - ရွှေပုံနှိပ်တိုက် (မြ-၀၀၆၃၂၆)
အမှတ် (၁၅၃/၁၅၅)၊ သစ်တောဝင်း (အောက်လမ်း)
မောင်လေးဝင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်။



မနက် ၇ နာရီမှာ မေမေက လာနှိုးတော့
သမီးလည်း အိပ်ချင်မူးတူးလေးနဲ့
မျက်နှာသစ် သွားတိုက်ပြီး
နံနက်စာ စားပွဲကို ရောက်ခဲ့ပြီလေ။

သမီးက အချိုကို သိပ်ကြိုက်ပါတယ်။
ထိုးမုန့်နဲ့ မုန့်လုံးရေပေါ်ကို ရွေးစားတာပေါ့။
လက်ဘက်ရည်ခွက်ထဲကိုလည်း သကြားတွေ
ထပ်ထည့်လိုက်သေးတယ်။ ကျောင်းမှာ စားဖို့လည်း
မုန့်လုံးရေပေါ်တွေကို ယူသွားရဦးမယ်လို့
မေမေ့ကိုလည်း ပြောလိုက်သေးတယ်။

"မေမေ သမီးက အချိုမှ ကြိုက်တာ။
အချိုက လွဲရင် ဘာမှကို မစားချင်ဘူး။
ချိုတာကိုပဲ စားချင်တယ်" "သမီးကြိုက်တယ်ဆိုတဲ့
လက်ဘက်သုပ်ကို သတိရသေးလား။
လက်ဘက်သုပ်ထဲမှာ ပါတာတွေ အားလုံးက
မချိုကြဘူးလေ။

မုန့်ဟင်းခါး ဆိုရင်လည်း
ဒီအတိုင်းပဲ သမီးရဲ့"
"ဟုတ်ပါရဲ့ မတူတဲ့
အရသာတွေ ရောလိုက်ပြီး
အရသာရှိတဲ့ မုန့်တွေ
ဖြစ်လာနိုင်သေးတာပဲ"





ကျောင်းသွားသည့် လမ်းမှာ
သမီးတို့ ပန်းခြံလေး တစ်ခုကို
ဖြတ်လျှောက်လာခဲ့ရပါတယ်။
ပန်းလေးတွေမြင်ရင် သမီးသိပ်ပျော်တာပဲ။
ပန်းလေးတွေကို သိပ်ချစ်တယ်။

နှင်းဆီလေး နှစ်ပွင့်နဲ့
စံပယ်ပန်းလေးတွေကို
ခေါင်းမှာ ယူပန်လိုက်တယ်။
ရေကန်ထဲကိုလည်း
ကြည့်ပါဦး
ကြာပန်းတွေက
လှလိုက်တာ။ ဒီလိုနဲ့
သစ်ပင်ကြီးတွေကို
ကြည့်လိုက်မိတယ်။

“မေမေရေ သမီးလေ ပန်းကလေးတွေကို
သိပ်ချစ်တာပဲ။ ကမ္ဘာပေါ်မှာ ပန်းတွေက အလှဆုံးပဲ။
အပင်တွေကတော့ သိပ်ရုပ်ဆိုးတယ်။
အရောင်ကလဲ မလှဘူး။ ကမ္ဘာကြီးတစ်ခုလုံး
ပန်းတွေနဲ့ ပြည့်သွားရင် သိပ်ကောင်းမှာပဲ”





“ကမ္ဘာကြီးတစ်ခုလုံး ပန်းတွေပဲ
ရှိတော့မယ်ဆိုရင် နေပူရင်
သမီး ဘယ်အရိပ်မှာ
ခိုတော့မလဲ သမီးရ”
မေမေ ရှင်းပြတော့
သမီး နားလည်သွားခဲ့ပါတယ်။
သစ်ပင်ကြီးတွေကလည်း ပန်းခြံကို
အလှဆင်နေတာပါလား။
ပန်းကလေးတွေကို ကြည့်နေတဲ့အချိန်မှာ
အရိပ်ရတဲ့ အပင်အောက် ထိုင်ရတာပေါ့။



ကျောင်းမှာ ဆရာက ပန်းချီ သင်ပါတယ်။ သမီးတို့ ပုံဆွဲကြရတယ်။ သမီးက အရောင်တောက်တောက် ရောင်စုံတွေကို ရွေးယူပြီး ဆွဲတော့တာပေါ့။


တောင်တန်း၊ ရေအိုင်နဲ့ ငှက်ကလေးတွေ ပျံနေတဲ့ ပုံကလေးတွေလေ။

“သမီးက အရောင်တောက်တောက်တွေပဲ ကြိုက်တယ် ဆရာ။ အရောင်တောက်တောက်နဲ့ ဆွဲမှပိုလှတယ်လေ။ အမည်းတို့ အညိုတို့ နက်ပြာတို့လို မှောင်တဲ့ အရောင်တွေကို မကြိုက်ဖူး။ သမီးပုံတွေ အရုပ်ဆိုး ကုန်မှာပေါ့”



“အရောင်မှောင်မှောင်တွေကို မလိုအပ်ဘူးလို့
သမီးက ထင်သလား။ သစ်ပင်တွေပုံဆွဲရင်
သမီး ဒီအရောင်တွေ လိုမှာပေါ့။

မြင်းကျားလေးဆွဲချင်ရင် ဘယ်လိုလုပ်မလဲ။
တခြားအရောင်နဲ့ဆွဲရင် ဘယ်လိုက်ဖက်မလဲ
သမီးရဲ့” လို့ ဆရာက ရှင်းပြပါတယ်။



ဟုတ်သားပဲ သစ်ပင်တွေ ပုံဆွဲရင်
ပင်စည်ညိုညိုလေးတွေအတွက်
အရောင်ညိုညိုလေးတွေ လိုမှာပဲ။
မြင်းကျားလေးကို အဝါရောင် အစင်းလေးတွေနဲ့
ဆွဲလို့ ဘယ်ဖြစ်မလဲ။ အရောင်လေးတွေ
စုံအောင် ဆွဲကြည့်တော့ ပိုလှသွားပါတယ်။





ကျောင်းဆင်းချိန်။
မေမေ လာကြိုပါတယ်။
“မေမေ မေမေကြည့်ပါဦး။
ကောင်းကင်ပေါ်မှာ သက်တံ့ကြီးပါလား။
လှလိုက်တာနော်”
“လှမှာပေါ့ သမီးလေးရဲ့
အနီ၊ လိမ္မော်၊ အဝါ၊ အစိမ်း၊
အပြာ၊ မဲနယ်နဲ့
ခရမ်းရောင်စုံ
ပေါင်းစပ်ထားတာကိုးကွယ့်”

သမီးတို့ ကမ္ဘာကြီးကို ဘယ်အရာတွေက
လှစေတယ်ဆိုတာ သမီးနားလည်
သွားခဲ့ပါပြီ။ မတူတဲ့ အရာတွေ
ပေါင်းစပ်ထားတာကမှ သမီးတို့ ကမ္ဘာကို
လှစေတာပဲ ဆိုတာကိုပေါ့။

# ကလေးတို့ပြောဆိုရန်မေးခွန်းများ

ကလေးတို့က ဘာအရောင်ကို အကြိုက်ဆုံးလဲ။



ကလေးတို့အကြိုက်ဆုံး ကစားနည်း ငါးမျိုးကို ပြောပြပါ။ ကစားနည်းတွေ တူရဲ့လား။





အရာဝတ္ထုတွေအားလုံး အဲဒီအရောင်ဖြစ်သွားရင် လှပါဦးမလား။ ဘာဖြစ်လို့လဲ။



ကလေးတို့သူငယ်ချင်း သုံးယောက်ရဲ့ မတူတဲ့အချက်တွေကို ပြောပြပါ။